# အာရက္ခရေးရာအထူးလေ့လာချက်

# စစ်ရေး၊ နိုင်ငံရေးနှင့် လူမှုစီးပွားအကျပ်အတည်းများကြားက အာရက္ခလူငယ်မျိုးဆက်သစ်များ၏ အနာဂတ်

**အမှတ် ( ၁၀ )၊ ၂၀၂၆ ခုနှစ်**

**လူငယ်ကဏ္ဍ**



ရခိုင်ပြည်တွင်း တစ်နေရာ၌ သင်တန်းဆွေးနွေးပွဲတစ်ခုတွင် တွေ့ရသော လူငယ်များအား တွေ့ရစဉ်။ (ဓါတ်ပုံ-dvbburmese)

**ဩဂုတ် ၃၁၊ ၂၀၂၆ ခုနှစ်။**

## ၁။နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | ရခိုင်ပြည်အတွင်း တကျော့ပြန် တိုက်ပွဲများ ဖြစ်ပွားပြီး နောက် ရခိုင်ပြည်ရှိ လူငယ်များ ကြုံတွေ့နေရသည့် အခွင့်အလမ်း၊ စိန်ခေါ်မှုနှင့် အကျပ်အတည်းအခြေအနေ များ |
| **(ခ) နယ်မြေဒေသ** | ရခိုင်ပြည် တစ်ခုလုံး |
| **(ဂ) အချိန်ကာလ** | ဇန်နဝါရီလ ၂၀၂၄ ခုနှစ်မှ ဩဂုတ်လ ၂၀၂၆ ခုနှစ် အထိ |

ရခိုင်ပြည်တွင် အာရက္ခတပ်တော်နှင့် စစ်ကောင်စီတပ်တို့ တကျော့ပြန်တိုက်ပွဲများ စတင် ဖြစ်ပွားလာသည့် အချိန်ကပင် စိန်ခေါ်မှုနှင့် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ရသူများထဲတွင် လူငယ်များက ထိပ်ဆုံးက ပါနေသည်။ အထူးသဖြင့် စစ်ကောင်စီသည် စစ်ရေးကာလတွင် လူအင်အားကျဆုံးလာသောကြောင့် စစ်မှုထမ်းဥပဒေကို အသက်သွင်းလာပြီး လူငယ်များကို ဖမ်းဆီးခြင်း၊ လူမသိသူမသိ ပြန်ပြေးဆွဲခြင်းနှင့် ဧည့်စာရင်း အကြောင်းပြချက်ဖြင့် လူငယ်များကို ဖမ်းဆီးခြင်းများ ဆက်တိုက် လုပ်ဆောင် လာသည်။

တစ်ဖက်တွင် လူငယ်များ အလုပ်လက်မဲ့ ဖြစ်နေသည်ကို အခွင့်ကောင်းယူပြီး စစ်တပ်နှင့် ပူးပေါင်းရန်လည်း မက်လုံးပေးစည်းရုံးလာသည်။ တဖန် လူငယ်များ ပြည်ပသို့ မထွက်ခွာနိုင်ရန်လည်း နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားလျက်ရှိသည်။ ရခိုင်ပြည်မှ ရန်ကုန်နှင့် တခြားသောဒေသများသို့ ထွက်ခွါသွားကြသော လူငယ်များမှာလည်း အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ ရခိုင်လူမျိုး လူငယ်များသည် ထိုသို့ မတရား ဖမ်းဆီးခြင်းကို ကြောက်ရွံ့ သောကြောင့် မိမိတို့ မှတ်ပုံတင် သက်တမ်း တိုးရန်ပင် တွန့်ဆုတ်နေကြသည်အထိ ဖြစ်နေကြရသည်။

တဖက်တွင် အမျိုးသမီးများကလည်း ပိုမိုခက်ခဲသည့် အခြေအနေနှင့် ရင်ဆိုင်လာကြရသည်။ အလုပ်အကိုင်၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အရေးများကို ဆိုးရွာစွာ ကြုံတွေ့နေရသည်။ တခြားတစ်ဖက်တွင်လည်း နိုင်ငံခြားသို့ အလုပ်ရှာထွက်သည့် အမျိုးသမီးများ၏ ကံကြံမှာမှာလည်း မကောင်းလှပေ။ အချို့သော အမျိုးသမီးများဆိုလျှင် လူကုန်ကူးခံရသည်မှ ရောင်းစားခံရသည်အထိ ကြုံရသူများလည်း ရှိသည်။

ထိုသို့ အခက်အခဲစိန်ခေါ်မှုအမျိုးမျိုးကြောင့် လူငယ်အများစုသည် အာရက္ခတပ်တော်၏ ထိန်းချုပ်နယ်မြေများကို ပြောင်းရွှေ့သွားခဲ့ကြသည်။ သို့သော် ၎င်းတို့၏ အခက်အခဲသည် ရပ်တန့်သွားခြင်းမျိုး မဟုတ်ပေ။ စိန်ခေါ်မှုအသစ်များအဖြစ် အာရက္ခတပ်တော်က ပြဋ္ဌာန်းထား

သည့် အမျိုးသားကာကွယ်ရေးဆိုင်ရာ အရေးပေါ်ပြဌာန်းချက် (NDEP) နှင့် အလုပ်လက်မဲ့ ပြဿနာက အဓိက ဖြစ်သည်။ အဆိုပါ ပြဌာန်းချက်အရ ရခိုင်ပြည်အတွင်းမှ လူငယ်များ ပြည်ပသို့ ထွက်ခွာခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ထားသည်။

မိမိတို့ အာရက္ခလေ့လာရေးစင်တာမှ လူငယ်များ၏ ပညာရေး နှင့် အမျိုးသမီးငယ်များ ကြုံတွေ့နေရသည့် အကန့်အသတ်နှင့် စိန်ခေါ်မှုများကို သီးသန့် စာတမ်းပြုစုထားသောကြောင့် ယခုလေ့လာချက်တွင် ထိုကဏ္ဍနှစ်ခုကို အလေးပေးဖော်ပြခြင်းထက် အခြားသော ကဏ္ဍများကိုသာ အဓိကဖော်ပြမည် ဖြစ်သည်။ ယခုလေ့လာချက်သည် ဒေသတွင်းမီဒီယာများနှင့် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ ထုတ်ပြန်ချက်များနှင့် မိမိတို့ အာရက္ခလေ့လာရေးစင်တာမှ ပြုလုပ်ခဲ့သော မေးမြန်းချက်များကို အဓိကအခြေခံ၍ ရခိုင်ပြည်ရှိ လူငယ်များနှင့် ၎င်းတို့ ကြုံတွေ့နေရသော စိန်ခေါ်မှုနှင့် အခက်အခဲများအကြောင်းကို ရေးသား ပြုစုထားခြင်း ဖြစ်သည်။

## ၂။ အချက်အလက် အကျဉ်းချုပ်

ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်

### (၁) ကျောက်ဖြူဒုက္ခသည်စခန်းက မွတ်စလင်လူငယ်များ အတင်းအဓမ္မ စစ်သင်တန်းပေးခံရ

ကျောက်ဖြူမြို့တောင်ဘက် ၃ မိုင်ခန့်အကွာရှိ လူဦးရေ တစ်ထောင်ကျော်နေထိုင်သော 'ကျောက်တစ်လုံး' မွတ်ဆလင်ဒုက္ခသည်စခန်းရှိ အမျိုးသားဦးရေ ၁၂၀ ခန့်ကို ကျောက်ဖြူမြို့အခြေစိုက် အမှတ် (၅၄၂) ခြေမြန်တပ်ရင်းအတွင်း ယမန်နေ့က "ပြည်သူ့စစ်သင်တန်း" အမည်ဖြင့် ရက်သတ္တပတ်နှစ်ပတ်ကြာ စတင်သင်ကြားနေကြောင်း သိရသည်။

### (၂) အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့မှာ ရခိုင်လူငယ်တွေ ဘာပြောနေကြသလဲ

ဩဂုတ်လ ၁၂ ရက်သည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့(International Youth Day)ဖြစ်သည်။ ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၀ ပြည့်နှစ်မှ စတင်သတ်မှတ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ကိုလည်း ယင်းနှစ်မှ စတင် ကျင်းပခဲ့သည်။ မလှလှသိန်း(သင်္ချာမေဂျာ၊ တတိယနှစ်ကျောင်းသူ) က "စစ်ဖြစ်လာတာနဲ့ ပြီးတော့ကျောင်းသွားတက်တဲ့ အချိန်မှာလည်း မိန်းကလေး၊ ယောကျာ်းလေး မခွဲခြားတော့ဘူး။ စစ်တယ်။အကုန်လုံးကို တစ်ယောက်တည်းဆို မသွားရဲ ဖြစ်လာတယ်။ ပြီးရင်စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းတွေ သွားတက်တော့လည်း ဘယ်သွားလဲ။ ဘာလုပ်ဖို့လဲ။ပြန်လာမလား။ မလာဘူးလား။ မှတ်ပုံတင်ကအစ စစ်တယ်။ ဒါကြောင့်သင်တန်းတက်ဖို့လည်း အဆင်မပြေဖြစ်လာတယ်။ အဲ့တော့ အိမ်မှာအွန်လိုင်းကနေတက်တယ်။ နောက်ပိုင်း အွန်လိုင်းလည်း ဖြတ်တောက်ခံရ

တယ်။ တဖြည်းဖြည်းနဲ့ စစ်တွေမှာပိုအနေရကျပ်လာတော့ လွတ်မြောက်နယ်မြေကို ရောက်လာတယ်။ ပြီးရင် အခုအနေအထားက အလုပ်လျှောက်ရဖို့မပြောနဲ့၊ အလုပ်ခေါ်တာလည်းမရှိပါဘူး။" ဟုညည်းတွား ပြောဆိုထားသည်။

မေလ ၂၀၂၄ ခုနှစ်

**(၃) စစ်တွေရှိဒုက္ခသည်စခန်းများတွင် စစ်သင်တန်းတက်ရန် လူရွေးချယ်**

မေလ ၂၅ ရက်နေ့မှ စတင်ပြီး စစ်ကောင်စီက စစ်တွေမြို့ရှိ ရိုဟင်ဂျာဒုက္ခသည် စခန်းများမှ စစ်သင်တန်းတက်ရမည့်လူငယ်များကို မဲနှိုက်ရွေးချယ်နေကြောင်း သိရသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများမှ စတင်ကာ ရိုဟင်ဂျာဒုက္ခသည်စခန်းများနှင့် ကျေးရွာများတွင် နေထိုင်သူတို့ကို အဓမ္မခေါ်ယူကာ စစ်သင်တန်းပေးခဲ့ပြီး ယခု မေလတွင် ထပ်မံ ခေါ်ယူရန် ပြင်ဆင်လာခြင်း ဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်

**(၄) ရခိုင်လူငယ်များ မှတ်ပုံတင်အခက်အခဲကြောင့် နိုင်ငံခြားတွင် ပညာသွားသင်ရန် အခက်အခဲဖြစ်**

ရန်ကုန်မြို့ရောက် ရခိုင်လူငယ်များမှာ နိုင်ငံသားစိစစ်ရေးကဒ်ပြားလဲလှယ်ရန်နှင့် အသစ်ပြန်လျှောက်ရန် အဆင်မပြေမှုများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူရန် ခက်ခဲနေကြောင်း သိရသည်။

၁၈ နှစ်ပြည့် မှတ်ပုံတင်ကဒ် လဲလှယ်ရန်နှင့် ပျောက်ဆုံးမှတ်ပုံတင် အသစ်ပြန်လျှောက်ခြင်းကို သက်ဆိုင်ရာ လဝကရုံးများတွင် လုပ်၍ရသော်လည်း လုံခြုံရေးအာမခံချက်မရှိ၍ အခက်ကြုံနေရသည်။

ဖေဖော်ဝါရီလ ၂၀၂၅ ခုနှစ်

**(၅) စစ်တွေတွင် လူငယ် ၄ ဦးကို စစ်ကောင်စီနှင့် ALP တို့ ဖမ်းဆီး**

ဖေဖော်ဝါရီ ၉ ရက်၊ နံနက်ပိုင်းတွင် မင်းဂံ အကွက် ၁၂ နှင့် ၁၄ ရပ်ကွက်သို့ စစ်ကောင်စီနှင့် ALP တပ်ဖွဲ့ဝင် အင်အား ၁၀ ကျော်လာရောက်ကာ အသက် (၂၀) အရွယ် မောင်ဇော်နိုင်ဦး၊ မောင်နီတူးချေ၊ မောင်ပုချေ၊ မောင်ဆန်းကိုဦးတို့ကို နေအိမ်အတွင်း ဝင်ရောက်ဖမ်းဆီးသွားခြင်း ဖြစ်သည်။ "ရပ်ကွက်တစ်ခုက နှစ်ယောက်စီ ပါသွားတယ်လို့ သိရတယ်။ ဖမ်းသွားတာက အကုန်လုံး လူငယ်တွေဖြစ်တယ်။ လူ ၁၀ ကျော်က ကားနဲ့ လာခေါ်သွားတယ်လို့ သိရတယ်။ ဘာကြောင့် ဖမ်းသွားမှန်းတော့ မသိရဘူး" ဟု စစ်တွေမြို့ခံ တစ်ဦးက ပြောသည်။

ဧပြီလ ၂၀၂၅ ခုနှစ်

**(၆) AA က ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းသားများ ခေါ်ယူနေ**

ဧပြီလ ၂၅ ရက်နေ့ကစ၍ အာရက္ခတပ်တော် AA ၏ ပြည်သူ့ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်တန်းများအစီအစဉ်အတွက် သင်တန်းသားများ ခေါ်ယူနေကြောင်း သိရသည်။ မိမိစရိတ်ဖြင့် ၈ လကြာ သင်တန်းတက်ရောက်ရမည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းအတွက် လျှောက်လွှာခေါ်ယူနေပြီးဖြစ်ကြောင်း အာရက္ခပြည်သူ့ကျန်းမာရေးဌာနက ထုတ်ပြန်သည်။

မေလ ၂၀၂၅ ခုနှစ်

**(၇) စစ်မှုထမ်းရန် အကျုံးဝင်သည့် ရခိုင်လူငယ်များကို ပြင်ပထွက်ခွင့် AA ပိတ်ပင်**

အမျိုးသားကာကွယ်ရေးဆိုင်ရာ အရေးပေါ်ပြဋ္ဌာန်းချက် (National Defence Emergency Provision-NDEP) အရ စစ်မှုထမ်းရန် အကျုံးဝင်သည့် ရခိုင်ပြည်မှ လူငယ်များကို ပြင်ပထွက်ခွင့် တားမြစ်လိုက်ကြောင်း အာရက္ခတပ်တော် (AA) က မေ ၂၂ ရက်မှာ ထုတ်ပြန်လိုက်ပါသည်။

အာရက္ခတပ်တော်က အမျိုးသားကာကွယ်ရေးဆိုင်ရာ အရေးပေါ်ပြဋ္ဌာန်းချက် (NDEP) ကို ၂၀၂၅ ခုနှစ် မတ် ၁၈ ရက်မှာ စတင်ပြဋ္ဌာန်းလိုက်ပြီးနောက် ရခိုင်ပြည်က လူငယ်တချို့ဟာ အဆိုပါ အရေးပေါ်ပြဋ္ဌာန်းချက်ကို သေချာနားမလည်ဘဲ တိုင်းပြည်တာဝန်ထမ်းဆောင်မှုကို ရှောင်လွှဲဖို့ ပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းနေကြသည်ကို တွေ့ရှိရကြောင်း AA က ပြောသည်။

ဇူလိုင်လ ၂၀၂၅ ခုနှစ်

**(၈) ရခိုင်ပြည်ပြင်ပသို့ ထွက်ခွာရန်သွားသည့် လူငယ်အယောက်နှစ်ဆယ်ကို AA က စစ်မှုထမ်းသင်တန်းပို့**

ရခိုင်ပြည်အတွင်းမှ ရန်ကုန်နှင့် နိုင်ငံရပ်ခြားသို့ ထွက်ခွာရန် သွားရောက်ခဲ့သည့် အသက် ၂၀ မှ ၃၀ ကြားရှိ ရမ်းဗြဲဒေသခံ လူငယ်အယောက်နှစ်ဆယ်ကို အာရက္ခတပ်တော် (AA)က ဖမ်းဆီးပြီးနောက် စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်လိုက်ကြောင်း DMG က စုံစမ်းသိရှိရသည်။ ရမ်းဗြဲမြို့နယ်၊ သလူပြိုန်ကျေးရွာနှင့် သင်းပန်းကိုင်းကျေးရွာတို့မှ လူငယ်အယောက်နှစ်ဆယ်မှာ ရန်ကုန်နှင့် မလေးရှားနိုင်ငံသို့ အလုပ်လုပ်ရန်သွားစဉ် အမ်းမြို့နယ်အတွင်းက စစ်ဆေးရေးဂိတ်တစ်ခုတွင် ပြီးခဲ့သည့် ဇွန်လ ၁၀ ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

သြဂုတ်လ ၂၀၂၅ ခုနှစ်

### (၉) တရုတ်မယားအဖြစ် ရောင်းစားခံနေရသည့် ရခိုင်အမျိုးသမီးနှစ်ဦး အကူအညီလိုအပ်နေ

လူကုန်ကူးခံရပြီး တရုတ်မယားအဖြစ် ရောင်းစားခံနေရသည့် ရခိုင်အမျိုးသမီးနှစ်ဦး လွတ်မြောက်ရေးအတွက် အကူအညီများ လိုအပ်နေကြောင်း ကာယကံရှင်နှင့် ကူညီပေးနေသူတို့ထံမှ သိရသည်။

### (၁၀) လူငယ်ပျောက် ကြေညာချက်များကို စစ်ကောင်စီ သတင်းစာများက လက်မခံ

မြန်မာ့အလင်း၊ ကြေးမုံစသည့် စစ်ကောင်စီပိုင် သတင်းစာများတွင် ပုံမှန်ဖော်ပြနေသည့် လူပျောက် ကြေညာ အခန်းကဏ္ဍ၌ လူငယ်များ ပျောက်ဆုံးနေမှုကို မိသားစုဝင်များက လူပျောက်ကြေညာ ဖော်ပြရန် တောင်းခံရာတွင် သတင်းစာတိုက် တာဝန်ရှိသူတို့က လက်မခံဘဲ ပယ်ချနေသည်။

"စစ်ကောင်စီဟာ စစ်မှုထမ်းဖို့ လူတွေကို ဖမ်းနေတာကို လူတိုင်း သိတယ်။ စစ်ကောင်စီက ဒီဟာတွေကို နိုင်ငံတကာမှာ ဖြေရှင်းချက် မပေးချင်ဘူး။ ဒါကြောင့် သူတို့ရဲ့ မူဝါဒကို ဆန့်ကျင်တာမျိုး၊ စိန်ခေါ်တာမျိုး ဖြစ်စေတဲ့ အဲဒီလို လူပျောက် ကြေညာချက်မျိုးတွေကို ပိတ်ပင်တာဖြစ်တယ်" ဟု ရခိုင်ဒေသခံ လူငယ်တစ်ဦးက ပြောသည်။

အောက်တိုဘာလ ၂၀၂၅ ခုနှစ်

### (၁၁) ရခိုင်အမျိုးသမီးများ အလုပ်အကိုင်နှင့် ပညာရေးအခွင့်အလမ်းများ ဆုံးရှုံးနေကြရ

စစ်ရေးပဋိပက္ခဖြစ်ပွားနေသည့် ရခိုင်ပြည်တွင် အမျိုးသမီးများမှာ အမျိုးသားများထက် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှု၊ ပညာသင်ကြားခွင့်နှင့် အခြားသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်သင်ယူခွင့်များပင် ဆုံးရှုံးနေကြောင်း UNDP အစီရင်ခံစာကနေ သိရသည်။ ယင်းအထဲတွင် ရခိုင်ပြည်နယ်သည် ဒုတိယ အများဆုံးဖြစ်ပြီး ၃၂ ရာခိုင်နှုန်း ရှိကြောင်း UNDP က ဖော်ပြသည်။

ဇန်နဝါရီလ ၂၀၂၆ ခုနှစ်

### (၁၂) အာရက္ခတပ်တော် ထိန်းချုပ်ဒေသက လူငယ်များ၏ အနာဂတ်

စစ်ရေးပဋိပက္ခ အချိန်ကြာမြင့်လာသည်နှင့်အမျှ ရခိုင်ပြည်အတွင်း စီးပွားရေး ကျဆင်းမှု၊ ပညာရေးအခွင့်အလမ်း ရပ်တန့်နေမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုဒဏ်ကို ဒေသခံအားလုံး ရင်ဆိုင်ကြုံတွေ့နေကြရသည်။

လက်ရှိ အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင် လူငယ်များ အလုပ်လက်မဲ့ တိုးလာနေပြီး တစ်ဖက်တွင်လည်း စားဝတ်နေရေးအတွက် ကြုံရာကျပန်း လုပ်ကိုင်နေရသဖြင့် အနာဂတ် ရည်မှန်းချက်များ ပျောက်ဆုံးနေကြောင်း ဆိုကြသည်။

ဧပြီလ ၂၀၂၆ ခုနှစ်

**(၁၃) ကုန်သည်နှင့် လူငယ်များကို AA ဖမ်းဆီးနေမှု ဝေဖန်မှုမြင့်တက်**

ရခိုင်ပြည် ပြင်ပသို့ ထွက်ခွာနေကြသည်ဟုဆိုကာ ပလက်ဝမြို့နယ်ရှိ စစ်ဆေးရေးဂိတ်များတွင် ရခိုင်ကုန်သည်များနှင့် လူငယ်များကို ယခုရက်ပိုင်းအတွင်း အာရက္ခတပ်တော် (AA)က ဖမ်းဆီးမှုများလာနေသဖြင့် ပြည်သူများ ဝေဖန်မှုမြင့်တက်နေကြောင်း သိရသည်။

ရခိုင်ပြည်အတွင်းမှ ပြင်ပသို့ သွားလိုသည့် ကုန်သည်များနှင့် လူငယ်များကို ယခင်က သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံစာ ၄ စောင်ဖြင့် သွားလာခွင့်ပြုခဲ့သော်လည်း ယခုအခါ ခရီးသွားလာခွင့် ထောက်ခံစာပါသူများပါ ဖမ်းဆီးပြီး စစ်သင်တန်းသို့ ပို့ဆောင်ခံရခြင်းဖြစ်ကြောင်း ပြောကြသည်။

မေလ ၂၀၂၆ ခုနှစ်

**(၁၄) ညှော်စာရင်း အကြောင်းပြ၍ စစ်တွေဒေသခံ ၃၀ ကျော်ကို စစ်တပ်က ဖမ်းဆီးထား**

စစ်တပ်က စစ်တွေမြို့အတွင်း ညှော်စာရင်းအကြောင်းပြချက်ဖြင့် လူနေရပ်ကွက်များအပြင် စစ်ရှောင်စခန်းများနှင့် စစ်ဘေးရှောင်များနေထိုင်ရာ ဘုန်းကြီးကျောင်းအတွင်းသို့ပါ ဝင်ရောက်စစ်ဆေးမှုများ လုပ်နေကြောင်း သိရသည်။ စစ်တွေဒေသခံ လူငယ်အမျိုးသားတစ်ဦးက "ယောကျ်ားလေးတွေ အများကြီးရှိတဲ့ နေအိမ်တွေ၊ ရပ်ကွက်တွေဆိုရင် တစ်နေ့ကို ၂ ကြိမ်လာစစ်တာလည်းရှိတယ်။ ညှော်စာရင်း မတိုင်ထားတဲ့ အခါကျရင် ဖမ်းပြီး ငွေညှစ်တယ်။ အိမ်မှာနေရင်းလည်း အဖမ်းခံရတဲ့အခါလည်း ရှိတယ်။ ငွေပေးပြီးမှ လွှတ်ပေးတယ်။ ကျနော်ကိုယ်တိုင် ၃ ကြိမ်နီးပါး အဖမ်းခံရဖူးတယ်" ဟု ပြောသည်။

**(၁၅) ရန်ကုန်တွင် ရခိုင်ကပြောင်းလာသည့် စစ်ရှောင်လူငယ်များ ပျောက်ဆုံးနေ**

ရခိုင်ပြည်ကနေ ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်သော စစ်ဘေးရှောင် ရခိုင်လူငယ်များ ယခုနှစ်ထဲတွင် ပျောက်ဆုံးသူ များလာသည်ဟု ရခိုင်အမျိုးသားကွန်ရက်က သိရသည်။ ၂၀၂၆ ခုနှစ်ထဲမှာ ရခိုင်က စစ်ရှောင်လာသူများ ပျောက်ဆုံးသောကြောင့် ရခိုင်အမျိုးသားကွန်ရက်အား အကူအညီတောင်းသည်မှာ ၈ မှုလောက်ရှိပြီ ဖြစ်ကြောင်း ကွန်ရက်၏ ဥပဒေအဖွဲ့မှ ကိုကျော်စိုးနိုင်က ပြောသည်။

ဇွန်လ ၂၀၂၆ ခုနှစ်

**(၁၆) ကျောက်ဖြူတွင် လူငယ်များကို စရဖထဲ ဝင်ရန် စစ်တပ် မက်လုံးပေးစည်းရုံးနေ**

အာဏာသိမ်းစစ်တပ် ထိန်းချုပ်ထားဆဲဖြစ်သည့် ရခိုင်ပြည်၊ ကျောက်ဖြူမြို့ပေါ်ရှိ လူငယ်များကို စစ်ထောက်လှမ်းရေးခေါ် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ (စရဖ)ထဲ ဝင်ရန် စစ်တပ်က မက်လုံးပေး စည်းရုံးမှုများ ရှိနေကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များအပါအဝင် မြို့အနီးရှိ ကျေးရွာများမှ အသက် ၁၆ နှစ် အထက်လူငယ်များကို ခေါ်ယူနေခြင်းဖြစ်ပြီး ပညာအရည်အချင်း လေးတန်းအောင်မြင်ခဲ့ရုံဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်မည်ဟု စည်းရုံးနေကြခြင်း ဖြစ်သည်။

**(၁၇) ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ရခိုင်မှ ၄,၀၀၀ နီးပါး စစ်အုပ်စုထံ စစ်မှုထမ်း စုဆောင်းခံရဟု UCW ထုတ်ပြန်**

၂၀၂၅ ခုနှစ် မေလမှ ၂၀၂၆ ခုနှစ် မေလ ၃၁ ရက်နေ့အထိ (၁၂) လအတွင်း ဒေသအလိုက် စစ်မှုထမ်းစာရင်းကို ဖော်ပြရာ ရခိုင်မှ ၃၉၉၃ ဦးသည် အာဏာသိမ်း စစ်တပ်ထံ စစ်မှုထမ်းရန် စုဆောင်းခံခဲ့ရသည်ဟု Unlawful Conscription Watch တွင် ဖော်ပြထားသည်။ အဆိုပါ အရေအတွက်သည် မြန်မာနိုင်ငံရှိ နေပြည်တော်အပါအဝင် တိုင်းနဲ့ပြည်နယ် ၁၅ ခုထဲတွင် ဒုတိယ အများဆုံး စုဆောင်းခံရသည့် အရေအတွက်ဖြစ်သည်။

**(၁၈) စစ်ရေးပဋိပက္ခကြောင့် ရခိုင်လူငယ်များ အလုပ်အကိုင်နှင့် ပညာရေး အကြီးအကျယ် ထိခိုက်နေ**

ရခိုင်ဒေသအတွင်းမှာ စစ်ရေးပဋိပက္ခတွေရဲ့ နောက်ဆက်တွဲအဖြစ် လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်း အကြီးအကျယ် ထိခိုက်နေပြီး လူငယ်ဦးဆောင်အဖွဲ့ (YLO) ရဲ့ နောက်ဆုံး ထုတ်ပြန်ချက်တွေအရ ရခိုင်ဒေသအတွင်း လူငယ် ၅၅ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ ဖြစ်နေကြကြောင်း သိရသည်။

လူငယ်ဦးဆောင်အဖွဲ့ (YLO ) က ဇွန်လ ၂၂ ရက်နေ့ထုတ်ပြန်သော အစီရင်ခံစာ "Livelihood Need Assessment Report" မှာ ရခိုင်ပြည်ထဲက လူငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးခြင်း ၊ ကျွမ်းကျင်မှု လိုအပ်ချက်ရှိခြင်းနှင့် ကိုယ်ပိုင်လုပ်ငန်းစတင်ရန် ငွေကြေးအရင်းအနှီး မရှိခြင်း စသောကြောင့် အကျပ်အတည်းများကို အကြီးအကျယ် ရင်ဆိုင်နေရကြောင်း ဆိုထားပါသည်။

ဇူလိုင်လ ၂၀၂၆ ခုနှစ်

**(၁၉) သံတွဲမြို့နယ်တွင် ဖမ်းဆီးခံလူငယ်များကို အာရက္ခတပ်တော် (AA)က စစ်သင်တန်းပို့**

ရခိုင်ပြည်၊ သံတွဲမြို့နယ်မှာ ရခိုင်ပြည်နယ်ပြင်ပကို ထွက်ခွာဖို့ကြိုးစားမှုနဲ့ စွပ်စွဲဖမ်းဆီးခံထားရသော လူငယ်များကို အာရက္ခတပ်တော် (AA)က စစ်သင်တန်း ပို့လိုက်ကြောင်း မိသားစုနဲ့ နီးစပ်သူတွေက ပြောသည်။

သံတွဲမြို့နယ်ထဲ ဒေသအစုံက လူငယ် အယောက် ၈၀ ကျော် ဖမ်းဆီးခံထားရခြင်း ဖြစ်ပြီး အားလုံးကို ပြီးခဲ့တဲ့ရက်ပိုင်းက စစ်သင်တန်းပို့လိုက်ကြောင်း AA နဲ့ နီးစပ်သူတဦးက ပြောသည်။

အမျိုးသားများအနေဖြင့် အသက် ၁၈ နှစ်မှ ၄၅ နှစ်အထိ၊ အမျိုးသမီးများအနေဖြင့် အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိတဲ့သူတွေကို ပြည်နယ်ပြင်ပသွားလာခွင့်မပြုဘဲ၊ အာရက္ခ ပြည်သူ့ကျန်းမာရေးဌာနက ကုသမပေးနိုင်ခြင်းမရှိသည့် ပြင်းထန်ရောဂါရှိတဲ့ လူနာများနှင့်အသက်အန္တရာယ်စိုးရိမ်ရသည့် လူနာများကိုသာ သွားလာခွင့်ပြုထားသည်။

**(၂၀) ရခိုင်ရေဘေးကယ်ဆယ်ရေးတွင် AA ၏ မွတ်ဆလင် စစ်သည်၊ စစ်မယ်များလည်း အင်တိုက်အားတိုက်ပါဝင်**

ရခိုင်ပြည်အတွင်း ရေဘေးကူညီကယ်ဆယ်ရေးတွင် အာရက္ခတပ်တော်(AA)၏ မွတ်ဆလင် စစ်သည်၊ စစ်မယ်များလည်း အင်တိုက်အားတိုက်ပါဝင်ကူညီပေးနေသည်ဟု သိရသည်။ ယမန်နေ့ ဇူလိုင်လ ၁၅ ရက်က ဘူးသီးတောင်မြို့နယ်မှ သံခြွေရွာ(စျီးတန်း)၊ သပြုချောင်း၊ ဆင်အိုးပြင်၊ ရွှေအိုးပြင်၊ ဒေလီရွာစသည့် မွတ်ဆလင်ကျေးရွာများအပါအဝင် ရေဘေးသင့် ရပ်ရွာများတွင် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/အာရက္ခတပ်တော်(ULA/AA)က ဆန်အပါအဝင် အခြား အရေးကြီးစားနပ်ရိက္ခာများကို မေတ္တာစေတနာအပြည့်ဖြင့် ထောက်ပံ့ကူညီပေးခဲ့သည်ဟု သိရသည်။

**(၂၁) ရန်ကုန်တိုင်း ရခိုင်ဝန်ကြီးက AA ကို မကောင်းကြောင်းပြောပြီး ရခိုင်လူငယ်များကို စစ်မှုထမ်းရန် စည်းရုံးရေးလုပ်**

ရန်ကုန်တိုင်း ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ကြံ့ခိုင်ရေးလွှတ်တော်ကိုယ်စားလှယ် ဦးနေမင်းထွန်းသည် ရခိုင်လူမျိုးများနှင့် တွေ့ဆုံစဉ် အာရက္ခတပ်တော်(AA)ကို အပုတ်ချ မကောင်းကြောင်းပြောပြီး ရခိုင်လူငယ်များကို စစ်မှုထမ်းရန် စည်းရုံးရေးလုပ်ဆောင်သွားကြောင်း သတင်းရရှိသည်။ "အုပ်ချုပ်ရေးမှူးတွေကနေ စစ်မှုထမ်းဖို့ စာရင်းလာကောက်တာမျိုးရှိရင်လည်း ကြည်ကြည်ဖြူဖြူဝင်သွားကြပါ။ စစ်မှုမထမ်းရင်အဖမ်းခံနေရမယ်။ သူတို့ကစစ်မှုထမ်းသက်တမ်းပြီးရင်ပြန် လွှတ်ပေးမှာပါလို့လည်း ပြောဆိုသွားပါတယ်" ဟု ရခိုင်အမျိုးသမီးတစ်ဦးက ပြောသည်။

### (၂၂) ကျောက်တော်တွင်ဖမ်းဆီးခံရသည့် ကျောင်းသား၇ ဦး မူးယစ်ဆေးဝါးနှင့် ပတ်သက်နေ

၂၀၂၆ခုနှစ် ဇူလိုင် ၈ ရက်နေ့က ကျောက်တော်မြို့မှဖမ်းဆီးခံခဲ့ရသည့်ကျောင်းသား၇ ဦးသည် မူးယစ် ဆေးဝါးနှင့် ပတ်သက်နေကြောင်း ကျောက်တော်မြို့နယ် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးဌာန (ဒီလပ်)စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဇွန်လအတွင်းတွင်လည်း ကျောင်းသား ၃ ဦး၊ တပ်ဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသမီး ၅ ဦး အပါအဝင် ၂၂ ဦးကို ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ သို့အတွက်ကြောင့် ဇွန် (၂) ရက်နေ့မှ ဇူလိုင် (၁၇) ရက်နေ့အထိ ၄၆ ရက်အတွင်း ကျောက်တော်မြို့နယ်၌ မူးယစ်ဆေးဝါးရောင်းချသူ၊ သုံးစွဲသူ (၇၇) ဦးကို ဒီလပ်က ဖမ်းမိခဲ့သည်။

သြဂုတ်လ ၂၀၂၆ ခုနှစ်

### (၂၃) စစ်တွေတွင် ရခိုင်လူငယ်တစ်ဦးကို အကြမ်းဖက် စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွား

အာရက္ခမြို့တော် စစ်တွေတွင် ညအချိန် အလုပ်မှ ပြန်လာသည့် လူငယ်တစ်ဦးအား စစ်တပ်နှင့် ရဲပူးပေါင်းအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် မိသားစုနှင့် အဆက်အသွယ်မရ ပျောက်ဆုံးနေသည်ဟု သတင်းရှိသည်။ ၎င်းလူငယ်မှာ စစ်တွေမြို့၊ ကသဲရပ်ကွက်မှကိုသန်းအောင်စိုး (၂၄)နှစ်ဖြစ်ကြောင်းသိရသည်။

## ၃။ တွေ့ရှိချက်များ

**၁။** စစ်ကောင်စီသည် ၂၀၂၄ ခုနှစ်မှစ၍ ကျောက်ဖြူနှင့် စစ်တွေရှိ မွတ်စလင်ဒုက္ခသည်စခန်းများမှ လူငယ်များကို ပြည်သူ့စစ်သင်တန်းအမည်ဖြင့် အတင်းအဓမ္မ ခေါ်ယူသင်တန်းပေးခဲ့သည်။ အာရက္ခတပ်တော် (AA) ကလည်း NDEP ပြဋ္ဌာန်းကာ စစ်မှုထမ်းရန် အကျုံးဝင်သူများကို ပြည်ပထွက်ခွင့်ပိတ်ပင်ခဲ့ပြီး၊ ရခိုင်ပြည်ပြင်ပသို့ ထွက်ခွာရန်ကြိုးစားသူ လူငယ်များကို ဖမ်းဆီးကာ စစ်သင်တန်းသို့ ပို့ဆောင်နေသည်။ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ရခိုင်ပြည်မှ လူငယ် ၃,၉၉၃ ဦးခန့် စစ်မှုထမ်းစုဆောင်းခံရကြောင်း UCW က ဖော်ပြထားသည်။

**၂။** ပဋိပက္ခများကြောင့် ကျောင်းသွားတက်ရန်၊ သင်တန်းတက်ရန်၊ အလုပ်လျှောက်ရန်ပင် ခက်ခဲလာပြီး လမ်းသွားလမ်းလာတွင်လည်း လုံခြုံရေးစိုးရိမ်မှုများ ရှိလာသည်။ မှတ်ပုံတင်ကတ်ပြားလဲလှယ်ရန်နှင့် အသစ်ပြုလျှောက်ရန် အဆင်မပြေမှုများကြောင့် ပြည်ပတွင် ပညာသွားသင်ရန်နှင့် အလုပ်အကိုင်အ ခွင့်အလမ်းများပါ ဆုံးရှုံးနေရသည်။ YLO ၏ စစ်တမ်းအရ ရခိုင်ပြည်ရှိ လူငယ် ၅၅% မှာ အလုပ်လက်မဲ့ဖြစ်နေပြီး UNDP ၏ အစီရင်ခံစာအရလည်း ရခိုင်ပြည်သည် မြန်မာနိုင်ငံအတွင်း လူငယ်များအတွက် ဒုတိယထိခိုက်မှုအများဆုံးပြည်နယ်ဖြစ်နေသည်။

**၃။** စစ်တွေမြို့တွင် စစ်ကောင်စီနှင့် ALP တို့ပူးပေါင်း၍ လူငယ်များကို အိမ်များအတွင်း ဝင်ရောက်ဖမ်းဆီးခြင်း၊ ဧည့်စာရင်းအကြောင်းပြ၍ ဖမ်းဆီးငွေညှစ်ခြင်းတို့ ပြုလုပ်နေသည်။ ရန်ကုန်သို့ စစ်ရှောင်လာသူ ရခိုင်လူငယ်များလည်း ပျောက်ဆုံးမှုများ ရှိလာပြီး စစ်ကောင်စီပိုင် သတင်းစာများတွင် လူငယ်ပျောက်ကြေညာချက်များကို လက်မခံဘဲ ပယ်ချခြင်းကြောင့် မိသားစုများအတွက် သတင်းရယူရန် အခက်အခဲများ ကြုံတွေ့နေရသည်။

**၄။** AA သည် စစ်မှုထမ်းရန် အကျုံးဝင်သူများကို ပြည်နယ်ပြင်ပသွားလာခွင့် ပိတ်ပင်ထားပြီး ထွက်ခွာရန်ကြိုးစားသူ လူငယ် ၈၀ ကျော်အပါအဝင် အများအပြားကို ဖမ်းဆီးကာ စစ်သင်တန်းသို့ ပို့ဆောင်လျက်ရှိသည်။ သို့သော် AA အနေဖြင့် ၎င်းထိန်းချုပ်ဒေသများတွင် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) သင်တန်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာ သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း မွတ်ဆလင်စစ်သည်၊ စစ်မယ်များလည်း, ပါဝင်ကူညီခဲ့ကြောင်း သိရသည်။

**၅။** စစ်ရေးပဋိပက္ခများ ကြာမြင့်လာသည်နှင့်အမျှ ရခိုင်ပြည်အတွင်း စီးပွားရေးကျဆင်းမှု၊ ပညာရေးအခွင့်အလမ်းရပ်တန့်မှုနှင့် အလုပ်အကိုင်ရှားပါးမှုတို့ကြောင့် လူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပျောက်ဆုံးနေသည်။ လူကုန်ကူးခံရပြီး တရုတ်မယားအဖြစ် ရောင်းစားခံနေရသည့် ရခိုင်အမျိုးသမီးနှစ်ဦး၏ ဖြစ်ရပ်သည် လူကုန်ကူးမှုအန္တရာယ် မြင့်တက်လာနေသည်ကို ထင်ဟပ်စေသည်။ ခြုံငုံကြည့်လျှင် ရခိုင်လူငယ်များသည် အတင်းအဓမ္မ တပ်သားအဖြစ် စုဆောင်းမှုများ၊ စီးပွားရေးအကျပ်အတည်းနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြားတွင် ထွက်ပေါက်မဲ့ အခြေအနေတွင် ရောက်ရှိနေကြသည်။

## ၄။ သုံးသပ်ချက်

၂၀၂၁ စစ်အာဏာသိမ်းမှုမှစ၍ မြန်မာပြည်တစ်ဝန်လုံးရှိ လူငယ်မျိုးဆက်သစ်တစ်ခုမှာ အနာဂတ်ပျောက်ဆုံးသွားပြီး ပို၍ခက်ခဲကြမ်းတမ်းသော ခေတ်ကာလတစ်ခုကို ဖြတ်သန်းနေရသည်။ ၂၁ ရာစု လူငယ်များသည် နည်းပညာအခြေပြု သတင်းအချက်စီးဆင်းမှုများကြောင့် ပို၍ ရွေ့ပြောင်းသွားလာခြင်းနှင့် ဘဝမျှော်မှန်းချက်များမှာလည်း ပြောင်းလဲ၊ မြင့်တက်လာသည်။ ရခိုင်ပြည်အတွင်း၌ စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်ရေး၊ နိုင်ငံရေး အခြေအနေများ အတိုင်းအတာတစ်ခုထိ ငြိမ်သက်နေခဲ့သော်လည်း ၂၀၂၃ နိုင်ဝင်ဘာလမှ စတင်ဖြစ်ပွါးလာသော တကျော့ပြန်စစ်ပွဲများကြောင့် အဆိုပါ အခြေအနေများမှာ ပျက်ပြယ်သွားခဲ့သည်။

ပို၍ ဆိုးရွားးစေသည်မှာ ၂၀၂၄ ခုနှစ် အစောပိုင်းမှစ၍ စစ်ကောင်စီမှ စတင်ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေမှာ အသက်အရွယ် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း ရခိုင်လူငယ်များကို ရခိုင်ပြည်တွင်း၌ဖြစ်စေ၊ နိုင်ငံ့တခြားနေရာများ၌ဖြစ်စေ တိုက်ရိုက်ခြိမ်းခြောက်လာသည်။ စစ်တွေနှင့် ကျောက်ဖြူမြို့များတွင်လည်း စစ်ကောင်စီသည် ရိုဟင်ဂျာ၊ မွဆလင်လူငယ်များကို ခြိမ်းခြောက်၍ဖြစ်စေ၊ မက်လုံးဖြင့်ဖြစ်စေ အတင်းအဓမ္မ တပ်သားများအဖြစ် စတင် စုဆောင်းခဲ့သည်။ အကျိုးဆက်အဖြစ် လူငယ်မျိုးဆက်များမှာ ပြင်းထန်လာသော စစ်ပွဲများ၏ သားကောင်ဖြစ်လာသည်။ တခြားတဖက်တွင် ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ပြည်နယ်၏ မြို့နယ်အများစုကို

ထိန်းချုပ်ခဲ့သော အာရက္ခတပ်တော်မှလည်း အမျိုးသားကာကွယ်ရေးဆိုင်ရာအရေးပေါ် ပြဋ္ဌာန်းချက်ကို ထုတ်ပြန်ခဲ့ပြီး လူငယ်များကို ပြည်ပကို ထွက်ခွာခြင်းကို တားမြစ်ခြင်းနှင့် ပြည်တွင်းနေ လူငယ်များကိုလည်း စတင်၍ တပ်သားသစ်များအဖြစ် စုဆောင်းခဲ့သည်။

စစ်အာဏာသိမ်းမှု၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် စီးပွားရေးကျဆင်းမှုများအောက်တွင် ရခိုင်လူငယ်များမှာ ကောင်းမွန်သော အနာဂတ်အားနည်းလာပြီး၊ စစ်ပွဲများကြောင့် တက္ကသိုလ်နှင့် ကောလိပ်များ ပိတ်သိမ်းခဲ့ရသဖြင့် ပညာရေးမှာလည်း တဝက်တပျက်ဖြစ်လာသည်။ အေအေထိန်းချုပ်နယ်မြေများတွင်လည်း ယခုနောက်ပိုင်းခုနှစ်များဖြစ်သော ၂၀၂၅ နှင့် ၂၀၂၆ ခုနှစ်များမှသာ ပညာရေးလမ်းကြောင်းများ ပြန်လည်ဖော်ဆောင်လာနိုင်သည်ကို မြင်တွေ့လာရသည်။ တနည်းအားဖြင့်ဆိုသော် ရခိုင်လူငယ်မျိုးဆက်တစ်ခုလုံးသည် စစ်ပွဲ၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ပညာရေးလမ်းကြောင်း နှောင့်နှေးမှု၊ ရပ်ဆိုင်းမှုနှင့် မိသားစုအကျပ် အတည်းများကြားတွင် ဆိုးကျော့သံသရာထဲသို့ ရောက်ရှိလာသည်။

နိဂုံးချုပ်အားဖြင့်ဆိုသော် အကျပ်အတည်းများသည် မျိုးဆက်တစ်ခုလုံးနှင့်ချီသော အနာဂတ်သက်ရောက်မှုရှိလာနိုင်ပြီး၊ သက်ဆိုင်ရာ အစိုးရခေါင်းဆောင်များနှင့် အရပ်ဖက်တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့်လည်း ပို၍ကျယ်ပြန့်သော အစီအစဉ်များဖြင့် လူငယ်မျိုးဆက်များ၏ အနာဂတ်ကို ထည့်သွင်းစဉ်းစားရပေမည်။ လက်ရှိ အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်း အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သော မူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့်သာ ရေရှည်တည်တံ့သော ရလဒ်ကို ထွက်စေပါလိမ့်မည်။

**အာရက္ခလေ့လာရေးစင်တာအကြောင်း**

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရေးများအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒ အကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org